www.ISPMyanmar.com

ISP DATA MATTERS


2 February 2022

CONFLICT, PEACE AND SECURITY

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၃**

## ■ လေကြောင်းတိုက်ခိုက်မှု ၅၄ ကြိမ်ထက်မနည်းရှိခဲ့ပြီး နေအိမ် ၁,၃၃၅ လုံးကျော်မီးရှို့ခံခဲ့ရ

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိစာရင်းဖြစ်သည်။





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ တိုင်းနှင့်ပြည်နယ် ဒေသအားလုံးတွင် တိုက်ပွဲ ၂,၂၇၂ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများကြောင့် အရပ်သား ၅၄၈,၁၅၄ ဦးထက်မနည်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၄၃၄ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ထို့အပြင် စစ်ကောင်စီတပ်များ၏ လေကြောင်းတိုက်ခိုက်မှုများမှာ ၅၄ ကြိမ်ထက်မနည်းရှိခဲ့ပြီး အနည်းဆုံး အရပ်သား ၅၀ ဦးကျော် သေဆုံးခဲ့ရသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အတွင်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း ၃၃ ကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး အရပ်သား ၃၈,၆၀၀ ဦးထက်မနည်း နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များအရ တိုက်ပွဲများကြောင့် နေအိမ် ၁,၃၃၅ လုံးထက်မနည်း မီးရှို့ခံခဲ့ရပြီး အများစုမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင်ဖြစ်သည်။ မီးရှို့ဖျက်ဆီးခံခဲ့ရသည့် နေအိမ်အရေအတွက်မှာ ယခုထက် ပိုမိုများပြားနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## ၆၃၅ ဦးကျော် ထောင်ဒဏ်ချမှတ်ခံထားရပြီး ၈,၀၆၇ ဦးထက်မနည်း ဖမ်းဆီးခံထားရ

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိစာရင်းဖြစ်သည်။





နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်များအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် နိုင်ငံတဝန်းဖမ်းဆီးခံရသူ ၁၁,၆၅၁ ဦးထက်မနည်း ရှိခဲ့သည်။ ထိုအထဲမှ ၆၃၅ ဦးခန့်မှာ ထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး ၈,၀၆၇ ဦးမှာ လက်ရှိအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရဆဲဖြစ်ကာ ၂,၉၄၉ ဦးမှာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လည်လွှတ်ပေးခြင်းခံခဲ့ရသည်။ စစ်ကောင်စီ၏ ထုတ်ပြန်ချက်များအရ အကြမ်းဖက်မှုကျူးလွန်သည်ဆိုသည့် အကြောင်းပြချက်များဖြင့် ၁၁,၅၄၉ ဦးထက်မနည်း ဖမ်းဆီးခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ စုစုပေါင်း ၂၉,၉၁၂ ဦး (နိုင်ငံရေးအကျဉ်းသားများအပြင် အခြားသောအမှုများဖြင့် ဖမ်းဆီးခံရသူများလည်းပါဝင်) ကို လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။ ထိုအထဲတွင် ၁,၄၈၀ ဦးမှာ တိုက်ခိုက်မှုများအတွင်း အဖမ်းခံခဲ့ရသူများဖြစ်ပြီး ၁၀,၀၆၉ ဦးမှာ စစ်ကောင်စီ၏ ရှာဖွေဖမ်းဆီးခြင်းခံရသူများဖြစ်သည်။ စစ်ကောင်စီစာရင်းများနှင့်ပတ်သက်၍ သီးခြားလွတ်လပ်သည့်အဖွဲ့များမှ အတည်ပြုထားခြင်း မရှိသည်ကို သတိပြုရမည်ဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများကို အခြေခံ၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။


## ဦးခေါင်းအပစ်ခံရပြီးသေဆုံးခဲ့ရသူ ၁၅၈ ဦးထက်မနည်းရှိခဲ့ပြီး စစ်ကိုင်းတိုင်းတွင် အများဆုံးဖြစ်

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိစာရင်းဖြစ်သည်။




စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ်ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသူများအနက် ဦးခေါင်းအပစ်ခံရပြီး သေဆုံးခဲ့ရသူ ၁၅၈ ဦးထက်မနည်း ရှိခဲ့သည်။ စစ်ကိုင်းတိုင်းတခုတည်းတွင် ၄၄ ဦးထက်မနည်းရှိခဲ့ပြီး မန္တလေးတိုင်းတွင် ၃၀ ဦးနှင့် ရန်ကုန်တိုင်းတွင် ၂၄ ဦး ထက်မနည်းရှိခဲ့သည်။ ဦးခေါင်းအပစ်ခံရပြီး သေဆုံးခဲ့သူများအနက် အသက် ၁၈ နှစ်နှင့် ၃၀ နှစ်အကြား ၇၇ ဦးရှိခဲ့ပြီး အသက် ၁၈ နှစ်အောက် ၁၄ ဦးထက်မနည်းရှိခဲ့သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများကို အခြေခံ၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။




## စစ်ကြောရေး၌သေဆုံးရသူ ၉၉ ဦးထက်မနည်းရှိခဲ့

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ စာရင်းဖြစ်သည်။

စစ်ကောင်စီ၏ စစ်ကြောရေးစခန်းများတွင် သေဆုံးခဲ့ရသူ ၉၉ ဦးထက်မနည်းရှိခဲ့ပြီး ထက်ဝက်ခန့်မှာ အသက် ၁၈ နှစ်နှင့် ၄၀ နှစ်အကြား ဖြစ်သည်။ သေဆုံးခဲ့ရသူ ၉၉ ဦးအနက် ၁၇ ဦးမှာ အသက်အရွယ် အပိုင်းအခြား မသိရှိရပေ။ ထိုကဲ့သို့ စစ်ကြောရေးစခန်းများတွင် သေဆုံးခဲ့ရသူများအနက် မန္တလေးတိုင်းရှိ စစ်ကြောရေးစခန်းများတွင် သေဆုံးခဲ့ရသူ ၂၈ ဦးရှိခဲ့ပြီး စစ်ကိုင်းတိုင်းတွင် ၂၁ ဦးနှင့် ရန်ကုန်တိုင်းတွင် ၁၇ ဦးထက်မနည်းရှိခဲ့သည်။ စစ်ကြောရေးစခန်းများတွင် အများဆုံး သေဆုံးခဲ့ရသည့် နေရာသုံးခုမှာ တိုင်းဒေသကြီးများဖြစ်သည်ကို သတိပြုမိနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများကို အခြေခံ၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။